## ၂၅။ အစိမ်းရောင်အကြေးပိုး

**Soft green scale: *Coccus viridis* (Green,1889)**

**Hemiptera: Coccidae**

## ဖျက်ကောင်ပုံသဏ္ဍာန်များ



ပိုးမမည်များသည်အဝါဖျော့ရောင်ရှိသည်။ အကောင်ကြီးမှာပြား၍ အစိမ်းဖျော့ရောင်နှင့် ကျောဘက်တွင် အနက်ရောင်အစက် ပါသည်။

## ဖျက်ဆီးပုံလက္ခဏာများ



အပင်၏နူးညံ့သောအစိတ်အပိုင်းများ၊ရွက်လည်ကြော၊အညွန့်၊ဖူးနှင့်အသီးများတွင် ကျရောက်လေ့ရှိသည်။ အပင်၏အရည်ကိုစုပ် ယူ စား၍ဖျက်ဆီးသည့်အတွက်အရွက်များကြွေကျပြီးအပင်ကြီးထွားနှုန်းနှင့် အထွက်နှုန်းကို ထိခိုက်သည်။ အချိုရည်ထုတ်သောကြောင့် ပုရွက်ဆိတ်များနှင့်အတူတွေ့ရသည်။ အချိုရည်များကြောင့် မှိုများပေါက်နေသည်ကိုတွေ့ရသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | – နာရီအနည်းငယ် |
| ပိုးမမည် အဆင့် | – (၄–၆) ပတ် |
| အကောင်ကြီးအဆင့် | – (၁၀–၅၀) ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)သဘာဝပိုးသတ်ဆေးများဖြစ်သောဆေးရွက်ကြီးနှင့် ဆပ်ပြာဖျော်ရည်နှင့် ရော၍ပက်ဖျန်းပါ။

(၂)ပေါင်း၊မြက် များနှင့်ဖျက်ပိုးကျရောက်ထားသောကိုင်းများအားရှင်းလင်း မီးရှို့ပါ။

(၃)ထိသေ၊စားသေ(သို့)ပင်လုံးပြန့် အာနိသင်ရှိ ပိုးသတ်ဆေး တစ်မျိုးမျိုးကို ဆေးအညွှန်း အတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီ စောင့်ဆိုင်း ရမည့်ကာလ Pre–harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ကာဘာရိုင်း(Carbaryl)
- ဘိုင်ဖန်သရင် (Bifenthrin)
- ဒယ်လ်တာမီသရင်(Deltamethrin)
- ဒိုင်မီသိုအိတ် (Dimethoate)